**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

**ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ***

**(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၃/၉၈)**

၁၃၅၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်

(၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေတွင် -

(က) ပုဒ်မ ၄၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၅) ၌ ပါရှိသော "ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ဒုတိယဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၅၊ ပုဒ်မ ၃၃၊ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့၌ ပါရှိသော "ပညာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၆ ၌ ပါရှိသော "အဆင့်မြင့်ပညာဦးစီးဌာန" ဆိုသည့် စကားရပ်ကို "အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ)

သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

---

* ပြည်ထောင်စုမြန်မာနိုင်ငံတော်ပြန်တမ်းအပိုင်း ၁၊ အမှတ် ၁၁၊ အတွဲ ၅၁၊ ၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃)ရက်၊ စာမျက်နှာ ၁၆၅။